# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်စျေးကွက်သတင်းလွှာ

myantrade

January 27, 2022 Volume 50, Number 18

**၂၇.၁.၂၀၂၂**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၈၁၂ US$ |
| မြန်မာ့ရွှေဈေး | = ၁၈၆၈၀၀၀ ကျပ် |
| ဒေါ်လာဈေး | = ၁၉၈၀ ကျပ် (Offer Price) |
| CBM Rate | = ၁၇၇၈.၀ ကျပ် |
| ယူရို တစ်ယူရို | = ၁၉၉၁.၂ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၃၁၅.၉ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၃၈၅.၈ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၂၅၉.၈ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၇၉.၃၈ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၃.၆၆၆ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၇.၇၅ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၂၃.၂၈ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၃.၄၆၆ ကျပ် |

Source: CBM Rate, etrademyanmar.com

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com

## မြန်မာ့ထုတ်ကုန်များကို E-Trade platform မှတဆင့် နိုင်ငံတကာဈေးကွက်သို့ မိတ်ဆက်မည့် Myanmar Pavilion ဖွင့်လှစ်

၂၀၂၀ ပြည့်နှစ်မှ စတင်ဖြစ်ပွားခဲ့သည့် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ကမ္ဘာ့နိုင်ငံများ၏ ဈေးကွက်ရှာဖွေမြှင့်တင်မှုနှင့် ကုန်သွယ်ရောင်းဝယ်မှုပုံစံပြောင်းလဲလာခဲ့သည့်အတွက် မြန်မာနိုင်ငံတွင် ပြောင်းလဲလာသောအခွင့်အလမ်းများနှင့် တီထွင်ဆန်းသစ်မှုများဖြင့် မြန်မာ့ထုတ်ကုန်များအား E-Trade platform မှတစ်ဆင့် နိုင်ငံတကာဈေးကွက်သို့ မိတ်ဆက်မည့် Myanmar Pavilion ကို ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက်နေ့တွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ (Myantrade) က အာရှဒေသ၏ ဒုတိယအကြီးဆုံး B2B E-commerce Platform တစ်ခုဖြစ်သည့် ECPLaza (www.ecplaza.net) တွင် ဖွင့်လှစ်နိုင်ခဲ့သည်။

Myanmar Pavilion ဖွင့်လှစ်အခမ်းအနားကို မြန်မာနိုင်ငံ၊ နေပြည်တော်နှင့် ကိုရီးယားနိုင်ငံ၊ ဆိုးလ်မြို့တို့အကြား Virtual Launching ဖြင့် ကျင်းပပြုလုပ်ခဲ့ရာ မြန်မာဘက်က မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ညွှန်ကြားရေးမှူးချုပ် ဒေါ်နော်မူတာကပေါ၊ ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (KOTRA) မှ Director Mr. Kaung Jun Kyung ၊ ECPlaza Network Inc ဥက္ကဌ Mr. Inkyu Park နှင့် ကုန်သည်လုပ်ငန်းရှင်များနှင့် တာဝန်ရှိသူများတက်ရောက်ခဲ့ရာ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ညွှန်ကြားရေးမှူးချုပ်ကအဖွင့်အမှာစကားပြောကြားပြီး ကိုရီးယားနိုင်ငံမှ တာဝန်ရှိသူများက အဆိုပါ Platform တွင် ဆက်လက်ပူးပေါင်းဆောင်ရွက်ရေးအတွက် ဆွေးနွေးပြောကြား ခဲ့ကြသည်။

Myanmar Pavilion ကို ကိုရီးယားနိုင်ငံမှ ECPlaza Network Inc နှင့် မြန်မာကုမ္ပဏီ Cyber King Co.,Ltd တို့က နည်းပညာဆိုင်ရာများကို ကူညီပံ့ပိုးမှုဖြင့် မြန်မာနိုင်ငံမှ ထုတ်ကုန်အမျိုးအစား (၁၀၀) ကျော်ပြသမည်ဖြစ်ပြီး မြန်မာကုန်သည်လုပ်ငန်းရှင်များအနေဖြင့် အဆိုပါ E-Trade platform ကို အသုံးပြု၍ နိုင်ငံတကာဝယ်ယူသူများနှင့် တိုက်ရိုက်ဆက်သွယ် ရောင်းဝယ်နိုင်ခြင်းဖြင့် ပြည်ပပို့ကုန်တိုးမြှင့်စေနိုင်မည်ဖြစ်ပါသည်။

**Source: ကုန်သွယ်မှုဖွံ့ဖြိုး(Myantrade)**

## ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွင်း ပြည်ပသို့ ရော်ဘာစိမ်းတင်ပို့မှုမှ ဒေါ်လာ ၄၄၉ သန်းကျော်ရရှိခဲ့ပြီး ယခင်ဘဏ္ဍာနှစ်ထက် ဒေါ်လာ ၁၈၅ သန်းနီးပါးပိုမိုတင်ပို့

၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် အောက်တိုဘာမှ စက်တင်ဘာလကုန်အထိ ပြည်ပသို့ ရော်ဘာစိမ်းတင်ပို့မှုမှ ဒေါ်လာ၄၄၉ သန်းကျော်ရရှိခဲ့ပြီး ယခင်ဘဏ္ဍာနှစ်ထက် ဒေါ်လာ ၁၈၅ သန်းနီးပါးပိုမိုတင်ပို့ခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ



https://news-eleven.com/article/224614

သိရသည်။ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်ဖြစ်သည့် ၂၀၂၀ ခုနှစ် အောက်တိုဘာ ၁ ရက်မှ ၂၀၂၁ ခုနှစ် စက်တင်ဘာလကုန်အထိ ပြည်ပသို့ရော်ဘာစိမ်းတင်ပို့မှုမှ ဒေါ်လာ ၄၄၉ ဒသမ ၁၀၂ သန်းရရှိခဲ့သည်။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွင်း ရော်ဘာစိမ်း တင်ပို့မှုမှဒေါ်လာ ၂၆၄ ဒသမ ၄၄၂ သန်းရရှိခဲ့သည်။ အဆိုပါကာလတူနှစ်ခုကို နှိုင်းယှဉ်ပါက ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွင်း ပြည်ပသို့ ရော်ဘာစိမ်းတင်ပို့မှုမှာ ယခင်ဘဏ္ဍာနှစ်ထက် ဒေါ်လာ ၁၈၄ ဒသမ ၆၆၀ သန်းပိုမိုရရှိခဲ့သည်။

ရော်ဘာကို မြန်မာနိုင်ငံတောင်ပိုင်းဒေသများအနက် မွန်ပြည်နယ်နှင့်ကရင်ပြည်နယ်တို့သည် ရော်ဘာအများဆုံးစိုက်ပျိုးသည့် ဒေသများဖြစ်သည်။ ကျန်တိုင်းဒေသကြီးများဖြစ်သည့် ရန်ကုန်တိုင်း၊ ပဲခူးတိုင်း၊ တနင်္သာရီတိုင်းတို့တွင်လည်း စိုက်ပျိုးလျက်ရှိကြောင်း မြန်မာနိုင်ငံရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းမှသိရသည်။ ပြည်တွင်း၌ တစ်နှစ်လျှင် ရော်ဘာတန်ချိန်စုစုပေါင်း နှစ်သိန်းဝန်းကျင်ထွက်ရှိပြီး ရာခိုင်နှုန်း ၉၀ ကျော်ကို ပြည်ပသို့ တင်ပို့နေခြင်းဖြစ်သည်။ ကျန်ရှိသည့် ရှစ်ရာခိုင်နှုန်းခန့်ကိုသာ ပြည်တွင်း၌ အသုံးပြုလျက်ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံမှ ထွက်ရှိသည့် ရော်ဘာကို တရုတ်ကို အဓိကတင်ပို့နေခြင်းဖြစ်ပြီး မလေးရှား၊ စင်ကာပူ၊ အင်ဒိုနီးရှား၊ ကိုရီးယား၊ ဂျပန်၊ ထိုင်ဝမ်၊ အိန္ဒိယစသည့်နိုင်ငံများသို့လည်း တင်ပို့လျက်ရှိကြောင်းသိရသည်။ မြန်မာ့သဘာဝရော်ဘာထုတ်ကုန်များ အရည်သွေးပိုမိုကောင်းမွန်ရန်အတွက် Supply Chain တစ်လျှောက် ပါဝင်ပတ်သက်သူအားလုံး ကဏ္ဍအလိုက်ပူးပေါင်း အကောင်အထည်ဖော်ဆောင်ရွက်ရန် လိုအပ်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။

မြန်မာ့သဘာဝရော်ဘာထုတ်ကုန်များ အရည်အသွေး ပိုမိုကောင်းမွန်စေရေးအတွက် သက်ဆိုင်ရာဌာနများ၊ သတင်းအဖွဲ့များ၊ စိုက်ပျိုးသူတောင်သူများ၊ ကုန်သည်များ၊ စက်ပိုင်ရှင်များစသည်ဖြင့် Supply Chain တစ်လျှောက်ပါဝင်ပတ်သက်သူအားလုံး ကဏ္ဍအလိုက်ပူးပေါင်းအဖြေရှာပြီး အကောင်အထည်ဖော်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံမှ ပို့ကုန်တိုးမြှင့်တင်ပို့နိုင်ရေးအတွက် အမျိုးသားပို့ကုန်မဟာဗျူဟာ အကောင်အထည်ဖော်လျက်ရှိပြီး အမျိုးသားပို့ကုန်မဟာဗျူဟာ (NES) ၂၀၂၀-၂၀၂၅ မူဘောင်သည် မြန်မာနိုင်ငံ၏ မိုက်ခရို၊ အသေးစားနှင့်အလတ်စား စီးပွားရေး လုပ်ငန်းများနှင့် ပြည်တွင်းနှင့်ကမ္ဘာ့စီးပွားရေးဈေးကွက်တွင် လက်ရှိတင်ပို့ရောင်းချနေသူများအတွက် အခွင့်အလမ်းသစ်များ ဖန်တီးမည်ဖြစ်ကြောင်းသိရသည်။

**Source:** https://news-eleven.com/article/224614

## မန္တလေးကုန်စည်ဒိုင်ဈေးကွက်တွင် ပဲစင်းငုံသစ်များ လှိုင်လှိုင်ဝင်ရောက်နေသော်လည်း ဈေးကောင်းရနေပြီး စမုန်နှမ်းထိပ်စများ နယ်မှပစ္စည်းအဝင်နည်းပါးခြင်းကြောင့် တစ်ပတ်အတွင်း သုံးတင်းဝင်တစ်အိတ်လျှင် ကျပ် ၃၀၀၀၀ ခန့် ဈေးပြန်တက်



https://news-eleven.com/article/224625

မန္တလေးပွဲစား၊ ကုန်သည်စက်ပိုင်များ ကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်) ဈေးကွက်တွင် ပဲစင်းငုံအသစ် (၂၀၂၂) လှိုင်လှိုင်ဝင်ရောက်နေသော်လည်း ဈေးကောင်းရနေပြီး စမုန်နှမ်းထိပ်စများ နယ်မှပစ္စည်းအဝင် နည်းပါးခြင်းကြောင့် တစ်ပတ်အတွင်း သုံးတင်းဝင်တစ်အိတ်လျှင် ကျပ် ၃၀၀၀၀ ခန့် ဈေးပြန်တက်နေသည်ဟု မန္တလေးမြို့ရှိ ပဲကုန်သည်များထံမှသိရသည်။

"ပဲစင်းငုံက စနေနေ့က ၁၃၅၀၀၀ ဈေးအထိ ဈေးတက်ခဲ့တယ်။ တနင်္ဂနွေက ဈေးပြန်ကျတယ်။ ၁၃၃၀၀၀ ဈေး။ တနင်္လာနေ့က ၁၃၁၀၀၀ ဈေး။ ဒီနေ့ ၁၃၀၀၀၀ ဈေးဖြစ်သွားတယ်။ အဓိကက နိုင်ငံခြားပဲဈေးနဲ့ ပြည်တွင်းပဲဈေး မကိုက်တဲ့သဘောဖြစ်တယ်။ အဲဒါကြောင့် ဈေးပြန်ကျသွားတာပါ။ မတ်ပဲဈေးလည်း ၁၃၅၀၀၀ အထိ ဈေးတက်သွားပြီး အခု ၁၃၁၀၀၀ ဈေးရှိတာပေါ့။ အခုရက်ပိုင်းက ပဲစင်းငုံလှိုင်လှိုင်ပေါ်တယ်။ ဝယ်လက်ကလည်း များနေတယ်လို့ ပြောလို့ ရတယ်။

စမုန်နွမ်းက အဓိက နယ်အဝင်ပစ္စည်းနည်းတော့ ဈေးပြန်တက်နေတာပါ။ ပစ္စည်းကောင်းရင် ၂၃၀၀၀၀ အထိ ဈေးရ ကြတယ်။ ပစ္စည်းလိုရင် ၁၈၀၀၀၀ ဈေးရှိတယ်။ စမုန်နွမ်းထိပ်စက အနိမ့်ဆုံး ၂၀၀၀၀၀ အထိ ဈေးကျသွားပြီး အခုပြန်ပြီး ၂၃၀၀၀၀ အထိ ဈေးပြန်တက်လာတာပါ။ စမုန်နွမ်းက တစ်ပတ် ၁၀ ရက်အတွင်း ဈေးပြန်တက်လာတယ်။ သုံးတင်းဝင် တစ်အိတ် ကို ကျပ် ၃၀၀၀၀ လောက် ဈေးတက်လာတယ်လို့ ပြောလို့ရပါတယ်။ စမုန်နွမ်းက တစ်ရက်ကို ၅၀၀၀ ဈေးလောက်နဲ့ ဈေးပြန်တက်လာတယ်။ နယ်အဝင် ပစ္စည်းနည်းလာလို့ ဈေးတက်တယ်။ ပဲယင်းအကြီး ဈေးကောင်းတယ်။ အလုံးကြီး ၁၁၇၀၀၀ ဈေး၊ အလုံးသေး ၁၀၀၀၀၀ ဈေးရှိပါတယ်။ တရုတ်ဘက်ကို ပဲယင်းသွားပါတယ်။ တရုတ်နှစ်ကူးနီးတော့ မြေထောက်ပဲဈေး ပြန်ကျတယ်။ ၁၅၇၀၀၀ ကနေ ၁၄၇၀၀၀ ဈေးဖြစ်သွားတယ်။ ကျန်တဲ့ပဲတွေဖြစ်တဲ့ ကုလားပဲအုပ်စုဝင်တွေက အခုမှ အသစ် ပေါ်ခါစရှိသေးတယ်။ V2 ကုလားပဲ ၁၂၇၀၀၀ ဈေး၊ ၉၂၉ ကုလားပဲ ၁၃၀၀၀၀ဈေး၊ ထိုင်ဝမ်ကုလားပဲ ၁၂၆၀၀၀ ဈေး။ ဒါတွေက အရောင်းအဝယ်ဖြစ်တဲ့ ဈေးတွေပါ" ဟု မန္တလေးကုန်စည်ဒိုင် ပြန်ကြားရေးတာဝန်ခံက ပြောကြားသည်။

ပြီးခဲ့သည့်နှစ် ဇွန် ၁၈ ရက်က မြန်မာနှင့် အိန္ဒိယနိုင်ငံအစိုးရများအကြား လက်မှတ်ရေးထိုးခဲ့သည့် သဘောတူညီချက်အရ မြန်မာနိုင်ငံမှ နှစ်စဉ်မတ်ပဲတန်ချိန် နှစ်သိန်းခွဲနှင့် ပဲစင်းငုံတန်ချိန်တစ်သိန်းကို ပုဂ္ဂလိကကုန်သွယ်မှုမှတစ်ဆင့် နောက်ငါးနှစ် ဆက်တိုက် ဧပြီလမှမတ်လအတွင်း အိန္ဒိယနိုင်ငံသို့ တင်ပို့သွားရမည်ဖြစ်ကြောင်းသိရသည်။

ပဲစင်းငုံသီးနှံကို မြန်မာပြည်အထက်ပိုင်းဒေသများဖြစ်သည့် မန္တလေး၊ စစ်ကိုင်း၊ မကွေးတိုင်းဒေသကြီးတို့မှ အဓိက စိုက်ပျိုးထွက်ရှိကာ တောင်သူများအတွက် စိုက်ပျိုးစရိတ် အသက်သာဆုံးနှင့်ရာသီဥတုဒဏ်ကိုလည်း အခြားသီးနှံများထက် ပိုမိုခံနိုင်ရည်ရှိမှုကြောင့် တောင်သူများ အဓိကအားထားစိုက်ပျိုးသည့် သီးနှံဖြစ်သည်။

**Source:** https://news-eleven.com/article/224625

## Total နှင့် Chevron တို့၏ ရတနာဓာတ်ငွေ့စီမံကိန်းကို ထိုင်း PTTEP က ရယူလုပ်ကိုင်ရန်ရှိ

မြန်မာနိုင်ငံ၏ အကြီးဆုံး ဓာတ်ငွေ့လုပ်ကွက်တစ်ခုဖြစ်သော ရတနာသဘာဝဓာတ်ငွေ့လုပ်ငန်းစီမံကိန်းမှ Total နှင့် Chevron Corp တို့ ထွက်ခွာသွားချိန်တွင် လုပ်ငန်းအားရယူကာ ဆက်လက်လုပ်ကိုင်ရန် ထိုင်းအစိုးရပိုင် ရေနံနှင့်သဘာဝ ဓာတ်ငွေ့ကုမ္ပဏီ PTTEP က အသင့်ရှိနေသည်ဟုယူဆရကြောင်း အကဲခတ်များကပြောသည်။

အဆိုပါစီမံကိန်း၌ ရှယ်ယာ ၂၅ ဒသမ ၅ ရာခိုင်နှုန်းပါဝင်ထားပြီးဖြစ်သည့် PTTEP ကုမ္ပဏီက ရတနာသဘာဝဓာတ်ငွေ့ စီမံကိန်းအား ဆက်လက်လုပ်ကိုင်ပါက ထိုင်းနှင့်မြန်မာနိုင်ငံအတွက် အဓိကကျသော သဘာဝဓာတ်ငွေ့ဖြည့်တင်းရေးကို ဆက်ထိန်းထားနိုင်လိမ့်မည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် ပြင်သစ်၏ Total Energies နှင့် အမေရိကန် Chevron ကုမ္ပဏီတို့က မြန်မာနိုင်ငံမှ ထွက်ခွာမည် ဖြစ်ကြောင်းပြောထားသည်။ နိုင်ငံအနောက်တောင်ဘက်တွင်ရှိသော ရတနာကမ်းလွန် သဘာဝဓာတ်ငွေ့စီမံကိန်းနှင့် ယင်း စီမံကိန်းကနေထုတ်လုပ်သည့် သဘာဝဓာတ်ငွေ့ကို ပိုက်လိုင်းဖြင့်ပို့ဆောင်ပေးနေသည့် မုတ္တမသဘာဝဓာတ်ငွေ့ ပို့ဆောင် ရေးကုမ္ပဏီ (MGTC) တို့၏လုပ်ငန်းများတွင် ပြင်သစ်နှင့် အမေရိကန်ကုမ္ပဏီများ ပါဝင်လုပ်ကိုင်နေခဲ့ခြင်းဖြစ်သည်။ "PTTEP က ရတနာဓာတ်ငွေ့စီမံကိန်းလုပ်ကိုင်သူအဖြစ် လွှဲပြောင်းတာဝန်ယူဖို့ ဖြစ်နိုင်ခြေအများဆုံး ရှိနေတယ်လို့ယူဆရတယ်"ဟု Lantau Group မှ ဘန်ကောက်အခြေစိုက် အတိုင်ပင်ခံအရာရှိ ကစ်တီသက်ပရွန်သာဗီးပေါင်ကပြောသည်။

Total Energies နှင့် Chevron Corp တို့ ပိုင်ဆိုင်ထားသည့် ရှယ်ယာအားလုံးကို လွှဲပြောင်းရယူလျှင် PTTEP သည် ရတနာ ဓာတ်ငွေ့စီမံကိန်းတွင် ရှယ်ယာ ၈၅ ရာခိုင်နှုန်းအထိ လက်ဝယ်ပိုင်သွားမည်ဖြစ်သည်။ PTTEP ကုမ္ပဏီသည် ပြည်တွင်းက ဇော်တိက သဘာဝဓာတ်ငွေ့စီမံကိန်းတွင်လည်း ပါဝင်လုပ်ကိုင်နေပြီး ယင်းတွင် ရှယ်ယာ ၈၀ ရာခိုင်နှုန်း ပိုင်ဆိုင်ထားကာ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း (MOGE) က ရှယ်ယာ ၂၀ ရာခိုင်နှုန်း ပိုင်ဆိုင်သည်။

ယခုရတနာဓာတ်ငွေ့စီမံကိန်းအရေးနှင့် ထိုင်းနှင့်မြန်မာအကြား စွမ်းအင်ဖြည့်ဆည်းထောက်ပံ့မှုများ မည်သို့ဆက်လက် လုပ်ကိုင်မည်ဆိုခြင်းအပေါ် "ဂရုတစိုက် ချင့်ချိန်စဉ်းစားနေသည်" ဟု PTTEP က ပြီးခဲ့သည့် သောကြာနေ့ကပြောခဲ့သည်။

**Source: Reuters**

http://www.etrademyanmar.com.mm/NewsDetails.aspx?News=%2023983

## တရုတ်နှစ်သစ်ကူး ကာလရောက်တော့မည်ဖြစ်၍ ဆန်အရောင်းအဝယ်ပါး

တရုတ်နှစ်သစ်ကူးကာလ ရောက်လာတော့မည်ဖြစ်၍ တရုတ်ကုန်သည်များ ဆန်ဝယ်ယူမှု (၅၀) ရာခိုင်နှုန်း လျော့ကျသွားကြောင်း မူဆယ်ဆန်ကုန်စည်ဒိုင် ဥက္ကဋ္ဌ ဦးမင်းသိန်းကပြောကြားသည်။ တရုတ်နှစ်သစ်ကူးကာလမှာ လာမည့် ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလ(၁)ရက်နေ့တွင် စတင်မည်ဖြစ်သည်။ "တရုတ်တင်ပို့မှုက တရုတ်နှစ်သစ်ကူးပွဲစပြီ။ အဲမတိုင်မီ (၁၅) ရက်လောက် တရုတ်ကုန်သည်တွေ အလုပ်မလုပ်တော့ဘူး" ဟု ဦးမင်းသိန်းကဆိုသည်။

တရုတ်နှစ်သစ်ကူး ကာလရောက်ရှိလာတော့မည်ဖြစ်၍ တရုတ်နိုင်ငံ ရွှေလီမြို့ရှိ တရုတ်ဆန်ကုန်သည်များမှာ ၎င်းတို့နေရပ် အသီးသီးကိုပြန်သွားကြပြီဖြစ်၍ လက်ရှိကာလ ဆန်ဝယ်ယူမှုမှာ (၅၀) ရာခိုင်နှုန်း ကျဆင်းသွားသည်ဟု ဦးမင်းသိန်းကဆိုသည်။ တရုတ်နိုင်ငံကို ဆန်တင်ပို့ရန် မူဆယ်တွင်သိုလှောင်ထားမှုမှာ ဆန်အိတ်ရေ (၅) သိန်းနီးပါးရှိနိုင်ပြီး ဆန်အိတ်(၃၀၀၀) ကျော်သာ ဝင်ရောက်နေသည် ဟု သိရသည်။

ကိုဗစ်-၁၉ အကြောင်းပြကာ ကုန်တင်ယာဉ်ဝင်ရောက်ခွင့်ကို ကန့်သတ်ထားသည့်အတွက် နေ့စဉ် ဆန်ကုန်တင်ယာဉ် (၃) စီးမှ (၄) စီးအထိသာ တင်ပို့နေရသည်ဟု ဦးမင်းသိန်းကဆိုသည်။ တရုတ်နိုင်ငံကို ဆန်တင်ပို့မှုမှာ ကန့်သတ်ချက်တို့ကြောင့် ယခင်ကာလတူနှစ်များက တင်ပို့မှု၏ (၁၀) ရာခိုင်နှုန်းခန့်သာ တင်ပို့နိုင်နေခြင်းဖြစ်ပြီး တရုတ်နှစ်သစ်ကူးကာလ ရောက်လာသည်ဖြစ်၍ အဆိုပါတင်ပို့မှု၏ (၅၀) ရာခိုင်နှုန်းသာ အရောင်းအဝယ်ဖြစ်တော့သည်ဟုဆိုသည်။

**Source:** http://www.etrademyanmar.com.mm/NewsDetails.aspx?News=%2023970

## ယွမ်နှင့်ကျပ်ငွေ တိုက်ရိုက်ပေးချေမှုက ငွေကြေးဈေးကွက်ပေါ် အကျိုးသက်ရောက်မှုမရှိသေး

နယ်စပ်ဒေသကုန်သွယ်ရာတွင် ယွမ်ငွေနှင့်ကျပ်ငွေတိုက်ရိုက်ငွေပေးမှုစနစ်မှာ လုပ်ကိုင်မှုနည်းသေးပြီး ငွေကြေးဈေးကွက် အပေါ်တွင် လတ်တလော အကျိုးသက်ရောက်မှုမရှိသေးကြောင်း လုပ်ကိုင်နေသူတို့က ပြောကြားသည်။ အဆိုပါစနစ်ကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ထုတ်ပြန်ခဲ့သည်မှာ တစ်လကျော်ကြာမြင့်ပြီဖြစ်သည်။ "ဒီစနစ်က ယခင်ထက်စာရင် အားသာချက် အားနည်းချက်ကြည့်ရင် ကောင်းကျိုးတွေရှိတယ်။ ဒီစနစ်ကို တို့ကုန်သည်တွေ ကြိုဆိုပါတယ်။ လက်ခံပါတယ်" ဟု မူဆယ်ဆန်ကုန်စည်ဒိုင် ဒုဥက္ကဋ္ဌ ဦးမင်းသိန်းက ပြောကြားသည်။

၂၀၂၁ ခုနှစ် ဒီဇင်ဘာလ (၁၄) ရက်နေ့မှစတင်ကာ တရုတ်-မြန်မာနှစ်နိုင်ငံကူးသန်းရောင်းဝယ်ရေး တိုးတက်စေရန်နှင့် သယ်ယူပို့ဆောင်ရေးလွယ်ကူစေရန်၊ နှစ်နိုင်ငံငွေကြေးရောင်းဝယ်ယူမှုနှင့် ပေးချေမှုလွယ်ကူစေရန်အတွက် တရုတ်-မြန်မာ နယ်စပ်ဒေသတွင် တရုတ်ယွမ်ငွေနှင့်မြန်မာကျပ်ငွေဖြင့် တိုက်ရိုက်ပေးချေခွင့်ပြုလိုက်ကြောင်း မြန်မာနိုင်ငံဗဟိုဘဏ်က ထုတ်ပြန်ခဲ့သည်။

အဆိုပါစနစ်ကို တရုတ်-မြန်မာနယ်စပ်တွင် ဇန်နဝါရီလ(၁၂)ရက်တွင် စတင်ကျင့်သုံးကြကြောင်း၊ ဗဟိုဘဏ်မှ အသိအမှတ် ပြုထားသော တရုတ်ဘဏ်(၃)ဘဏ်ဖြင့် ချိတ်ဆက်ဆောင်ရွက်ရကာ တရားဝင်ငွေဖြစ်သွားသဖြင့် ဆုံးရှုံးမှုနည်းကာ လုံခြုံ စိတ်ချရမှုရှိကြောင်း ဆန်ကုန်သည် ဦးမင်းသိန်းကဆိုသည်။ လက်တလောတွင် လုပ်ဆောင်မှုနည်းနေပြီး ကုန်သည်အများစု ယခင်ပြင်ပငွေလွှဲလုပ်ငန်းဖြင့်သာ လုပ်ကိုင်နေကြသော်လည်း နောက်ပိုင်းတွင် ပိုပြီးအဆင်ပြေလာမည်ယူဆကြောင်း ၎င်းကဆိုသည်။ “နဂိုကတည်းက ယွမ်လဲတဲ့သူတွေက သပ်သပ်ရှိတယ်။ လုပ်ရကိုင်ရ ကြပ်သွားမှာပေါ့။ ကိုယ်တို့ ဈေးကွက်ကြီးရှိတော့ သိပ်ပြီးထိခိုက်တာ လောလောဆယ်မမြင်သေးဘူး”ဟု ပြင်ပငွေကြေးဈေးကွက်အကျိုးဆောင်ကဆိုသည်။

နယ်စပ်တွင် ကုန်သွယ်ရာတွင် ၂၀၂၂ ခုနှစ် ဇန်နဝါရီ (၁၁) ရက်မှစတင်ကာ မူဆယ်နယ်စပ်ကုန်သွယ်ရေးတွင် ပို့ကုန် (၇) မျိုးနှင့်သွင်းကုန် (၃၁)မျိုးကို ဘဏ်စနစ်ဖြင့် ပေးချေတင်သွင်း တင်ပို့ခွင့်ပြုနေပြီဖြစ်သည်။ အဆိုပါ ယွမ်ငွေနှင့်ကျပ်ငွေ တိုက်ရိုက်ပေးချေမှုစနစ်ကြောင့် နယ်စပ်ရှိ ငွေလွှဲလုပ်ငန်းများအပေါ်တွင် ကြီးမားသော အကျိုးသက်ရောက်မှုရှိလာနိုင်သည်ဟု ခန့်မှန်းထားကြကာ ဈေးကွက်မှာ ပိုကျုံ့လာဖွယ်ရှိနေသည်။ သို့သော်လည်း တရုတ်နယ်စပ်ကုန်သွယ်ရေး အကန့်အသတ်တို့ကြောင့် ကုန်သွယ်မှုမပြုလုပ်နိုင်သဖြင့် ဈေးကွက်အပေါ် လတ်တလောအကျိုးသက်ရောက်မှုနည်းပါးနေသည်။

**Source:** http://www.etrademyanmar.com.mm/NewsDetails.aspx?News=%2023971

MTPO

## ၂၀၂၂ ခုနှစ်တွင် ဘရာဇီးလ်နိုင်ငံမှ ပဲပုတ်စေ့တန်ချိန် ၈၅ သန်းကျော် တင်ပို့နိုင်ရန်ခန့်မှန်း



Photo: Federal Government

၂၀၂၂ ခုနှစ်တွင် ဘရာဇီးလ်နိုင်ငံမှ ပဲပုတ်စေ့တန်ချိန် ၈၅.၅ သန်း တင်ပို့သွားနိုင်ရန် မျှော်မှန်းထားကြောင်း၊ ၂၀၂၃ ခုနှစ်တွင် ပဲပုတ်စေ့တန်ချိန် ၈၆.၁ သန်း တင်ပို့နိုင်ရန်ခန့်မှန်းထားကြောင်း ဘရာဇီးလ်နိုင်ငံရှိ လယ်ယာထွက်ကုန် စီးပွားရေးနှင့်အကြံပေးကုမ္ပဏီ Safras & Mercado က ပြောကြားခဲ့သည်။

၂၀၂၁ ခုနှစ်တွင် ပဲပုတ်စေ့တန်ချိန် ၉၀ သန်းအား တင်ပို့နိုင်ရန် မူလကခန့်မှန်းထားခဲ့သော်လည်း ပဲပုတ်စေ့ အဓိကထွက်ရှိသည့် ဘရာဇီးလ်နိုင်ငံ၏ တောင်ဘက်ခြမ်းဒေသများတွင် သီးနှံစိုက်ပျိုးရာသီကာလတစ်လျှောက်၌ မိုးခေါင်သည့်ရာသီဥတုဖြစ်ပေါ်ခဲ့သဖြင့် သီးနှံအထွက်နှုန်းများလျော့ကျခဲ့ကြောင်း သတင်းတွင်ဖော်ပြထားသည်။

၂၀၂၂ ခုနှစ်တွင် ပဲပုတ်စေ့တန်ချိန် ၄၇.၅ သန်းအား ကြိတ်ခွဲနိုင်ရန်မျှော်မှန်းထားပြီး ၂၀၂၃ ခုနှစ်တွင် ပဲပုတ်စေ့တန်ချိန် ၄၆.၅ သန်းအား ကြိတ်ခွဲနိုင်ရန်ခန့်မှန်းထားကြောင်း၊ ၂၀၂၂ ခုနှစ် သီးနှံရာသီတွင် ဘရာဇီးလ်နိုင်ငံ၏ ပဲပုတ်စေ့စိုက်ပျိုးမှုမှ တန်ချိန် ၁၃၉.၁၃ သန်းအထိ ထွက်ရှိနိုင်ကြောင်း၊ စားသုံးမှုနှင့်တင်ပို့မှုအတွက် ပဲပုတ်စေ့တန်ချိန် ၁၃၆.၆ သန်းအထိ လိုအပ်ချက်ဖြစ်ပေါ်နိုင်ပြီး ပဲပုတ်စေ့တန်ချိန် ၂.၅၃ သန်းအား ပြည်တွင်းတွင်လက်ကျန် ကျန်ရှိနိုင်ကြောင်း အကြံပေးကုမ္ပဏီက ပြောကြားခဲ့သည်။

၂၀၂၂ ခုနှစ်တွင် ဘရာဇီးလ်နိုင်ငံ၏ပဲပုတ်စေ့စားသောက်ကုန်ထုတ်လုပ်မှုသည် တန်ချိန် ၃၆.၅၅ သန်းအထိ ရောက်ရှိနိုင်ကြောင်း၊ တန်ချိန် ၁၈.၂ သန်းအား ပြည်ပတင်ပို့နိုင်ရန်မျှော်မှန်းထားပြီး ပြည်တွင်းစားသုံးမှုသည် တန်ချိန် ၁၈.၃ သန်းရှိရန် မျှော်မှန်းထားကြောင်း၊ ပြည်တွင်းလက်ကျန်အဖြစ် တန်ချိန် ၁.၉၆ သန်းကျန်ရှိနိုင်ကြောင်း ကုမ္ပဏီကပြောကြားခဲ့သည်။

ပဲပုတ်စေ့ထွက်ကုန်ပစ္စည်းထုတ်လုပ်မှုတွင် ပဲပုတ်ဆီတန်ချိန် ၉.၆၅ သန်းအား ကြိတ်ခွဲထုတ်လုပ်နိုင်ရန် မျှော်မှန်းထားပြီး တန်ချိန် ၁.၇ သန်းအား ပြည်ပသို့တင်ပို့ရန်နှင့် တန်ချိန် ၈ သန်းအား ပြည်တွင်းစားသုံးရန်အတွက်မျှော်မှန်းထားကြောင်း၊ ထို့အပြင် တန်ချိန် ၄.၁ သန်းအား ဇီဝလောင်စာထုတ်လုပ်ရန်နှင့် ပြည်တွင်းလက်ကျန် ၂၂၃,၀၀၀ တန် ကျန်ရှိရန်ခန့်မှန်း ထားကြောင်း အကြံပေးကုမ္ပဏီက ပြောကြားခဲ့သည်။

Source: **canalrural.com.br**

**ထွန်းအောင်ဇော် (စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ ဘရာဇီးလ်)**

## ၂၀၂၁ ခုနှစ်အတွင်း တရုတ်နိုင်ငံ၏ ပြည်တွင်းအသားတင်ထုတ်လုပ်မှုတန်ဖိုး စံချိန်တင်မြင့်တက်ခဲ့




၂၀၂၁ ခုနှစ်အတွင်း၌ တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် စိန်ခေါ်မှုများ ရင်ဆိုင်ခဲ့ရသော်လည်း တရုတ်နိုင်ငံမှ ပြည်ပနိုင်ငံများသို့ တင်ပို့မှု သိသိသာသာ တိုးတက်လာခဲ့ပါသည်။ ကမ္ဘာတစ်ဝှမ်းတွင် ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါကြောင့် စီးပွားရေးကျဆင်းရာမှ ပြန်လည်နလန်ထူလာသည့် နိုင်ငံများအနက်တွင် ကမ္ဘာ့ဒုတိယစီးပွားရေး အင်အားအကြီးဆုံးနိုင်ငံဖြစ်သည့် တရုတ်နိုင်ငံသည် ထိပ်ဆုံးမှ ဦးဆောင်လျက်ရှိပြီး ၂၀၂၁ ခုနှစ်အတွင်း၌ တရုတ်နိုင်ငံသည် ပြည်တွင်းအသား တင်ထုတ်လုပ်မှု စုစုပေါင်းတန်ဖိုး အမေရိကန်ဒေါ်လာ (၁၇.၉၉) ထရီလီယံရရှိခဲ့သည့်အတွက် ၂၀၂၀ ပြည့်နှစ်ကထက် (၈.၁) ရာခိုင်နှုန်း တိုးတက်လာခဲ့ကြောင်း၊ တရုတ်အမျိုးသားစာရင်းအင်းဗျူရိုမှ ထုတ်ပြန်ခဲ့ပါသည်။

ထိုကဲ့သို့ မြင့်တက်လာခြင်းကြောင့် တရုတ်အစိုးရမှ ၂၀၂၁ ခုနှစ်အတွင်း ရရှိရန်မျှော်မှန်းထားသည့် ပြည်တွင်းအသားတင် ထုတ်လုပ်တန်ဖိုးထက် ကျော်လွန်ခဲ့ပြီး ဆယ်စုနှစ်တစ်ခုနီးပါးအတွင်း၌ ပြည်တွင်းအသားတင် ထုတ်လုပ်မှုတန်ဖိုး

အမြင့်ဆုံးနှုန်းအဖြစ် စံချိန်တင်နိုင်ခဲ့ပါသည်။ ၂၀၂၁ ခုနှစ်အတွင်း တရုတ်နိုင်ငံသည် ကမ္ဘာ့ကပ်ရောဂါ ကူးစက်ပျံ့နှံ့မှုများ ပြန်လည်ဖြစ်ပွားခြင်း၊ ကုန်ကြမ်းဈေးနှုန်းများမြင့်တက်ခြင်း၊ စွမ်းအင်ရရှိမှုကျဆင်းခြင်း၊ ပိုင်ဆိုင်မှုကဏ္ဍတွင် အခက်အခဲများဖြစ်ပေါ်ခြင်း အပါအဝင် စိန်ခေါ်မှုများစွာရင်ဆိုင်ခဲ့ရသော်လည်း စီးပွားရေးသည်တည်ငြိမ်စွာဖြင့် ပြန်လည်နလန်ထူလာခဲ့ပါသည်။ တရုတ်နိုင်ငံ၏ ၂၀၂၁ ခုနှစ် ပြည်တွင်းအသားတင်ထုတ်လုပ်မှုတန်ဖိုးသည် တရုတ်နိုင်ငံ၏ ၂၀၂၀ ပြည့်နှစ်ကရရှိခဲ့သည့် ပြည်တွင်းအသားတင်ထုတ်လုပ်မှုတန်ဖိုးထက် အမေရိကန်ဒေါ်လာ(၂)ထရီလီယံ တိုးတက်ခဲ့ပါသည်။ အဆိုပါတန်ဖိုးသည် အီတလီနိုင်ငံ၏ ၂၀၂၀ ပြည့်နှစ်အတွင်းရရှိခဲ့သည့် ပြည်တွင်း အသား တင်ထုတ်လုပ်မှုတန်ဖိုးနှင့်ညီမျှကြောင်း သိရှိရပါသည်။

**Source:** https://www.globaltimes.cn/page/202201/1246200.shtml

**ရွှေစင်ဦး (စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ တရုတ်-ဘေကျင်း)**

## တောင်ကိုရီးယားနိုင်ငံ၏ ၂၀၂၁ ခုနှစ်၊ GDP သည် (၁၁)နှစ်တာအတွင်း အမြင့်ဆုံးနှုန်းဖြင့် စံချိန်တင်တိုးတက်၍ G-20 အဖွဲ့ဝင်နိုင်ငံများအကြား စီးပွားရေးတိုးတက်မှု အလျင်မြန်ဆုံးဖြစ်ခဲ့



Busan Port in South Korea, Photo Courtesy: © Getty Images

တောင်ကိုရီးယားနိုင်ငံ၏ စီးပွားရေးတိုးတက်မှုနှုန်း GDP Growth သည် ၂၀၂၁ ခုနှစ်တွင် (၄) ရာခိုင်နှုန်း တိုးတက်လာခဲ့ပြီး၊ (၁၁)နှစ်တာအတွင်း စံချိန်တင်နှုန်းဖြင့်တိုးတက်ခဲ့ကြောင်း၊ တောင်ကိုရီးယားနိုင်ငံ၏ စီးပွားရေးပြန်လည်နာလန်ထူလာမှုသည် ကိုဗစ်-၁၉ ကာလ စီးပွားရေးရာအကျပ်အတည်းကြုံရချိန်တွင် G-20 အဖွဲ့ဝင်နိုင်ငံများအကြား အလျင်မြန်ဆုံးနှင့်အခိုင်မာဆုံး ပြန်လည်တိုးတက်ကောင်းမွန်လာမှုကို ပြသနိုင်ခဲ့ကြောင်း၊ ၂၀၂၂ ခုနှစ်အတွက် GDP (၃) ရာခိုင်နှုန်း ဆက်လက်တိုးတက်ရန် ခန့်မှန်းထားကြောင်း၊ သို့ရာတွင် တစ်ချိန်တည်းတွင်ပင် ကပ်ရောဂါဆိုးအနေဖြင့် ရှည်လျားလာမည်ကိုစိုးရိမ်ကြောင်း (၂၅-၁-၂၀၂၂) ရက်နေ့တွင် တောင်ကိုရီးယားဗဟိုဘဏ် (Bank of Korea(BOK)) က ထုတ်ပြန်သည့်စာရင်းများအရ ဒုတိယဝန်ကြီးချုပ်နှင့်ဘဏ္ဍာရေးဝန်ကြီးဖြစ်သူ Hong Nam-ki ၏ ထုတ်ဖော်ပြောကြားခဲ့မှုများအရ သိရှိရပါသည်။

ပို့ကုန်ပေါ်တွင်အဓိကရပ်တည်နေသော တောင်ကိုရီးယားနိုင်ငံ၏စီးပွားရေးသည် ယခုကဲ့သို့ ပြန်လည်ဦးမော့လာနိုင်မှု သည် ပုဂ္ဂလိကသုံးစွဲမှုအခြေအနေတည်ငြိမ်လာမှု၊ ပြည်သူများက ကိုဗစ်-၁၉ ကပ်ရောဂါအခြေအနေကိုလက်ခံ၍ရင်ဆိုင်နိုင်လာမှု၊ ကိုဗစ်-၁၉ကြောင့် စီးပွားရေးထိခိုက်မှုအား ကုစားနိုင်ရန် တောင်ကိုရီးယားအစိုးရ၏ ဖြည့်စွက်ရန်ပုံငွေများ တိုးမြှင့်ခွင့်ပြုပေးခဲ့မှု၊ ကိုဗစ် ဆိုင်ရာ စည်းမျဉ်းများကို အစိုးရကသင့်လျော်သကဲ့သို့ ဖြေလျှော့ပေးခဲ့မှု၊ ကာကွယ်ဆေးထိုးမှုနှုန်းမြင့်မားလာမှု စသည်တို့ကြောင့် ဖြစ်ကြောင်း BOK ၊ စီးပွားရေးစာရင်းအင်းဗျူရို၏အကြီးအကဲ Hwang Sang-pil က အွန်လိုင်းရှင်းလင်းပွဲတစ်ခုတွင် ပြောကြားခဲ့ ပါသည်။

အဆိုပါအစည်းအဝေးတွင် BOK ၏တာဝန်ရှိသူက ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ထိခိုက်ရသည့် ပြည်သူများကို ငွေကြေး တစ်စိတ်တစ်ပိုင်း ပံ့ပိုးပေးသည့် ဝမ် (၅၀) ထရီလီယံ (အမေရိကန်ဒေါ်လာ ၄၁.၆ ဘီလီယံ) တန်ဖိုးရှိ ဖြည့်စွက်ရန်ပုံငွေနှစ်ခု ခွင့်ပြုပေးခဲ့မှုကို အလေးပေးပြောကြားခဲ့ကြောင်းတွေ့ရှိရပြီး၊ ပုဂ္ဂလိကသုံးစွဲမှုသည် ၂၀၂၁ ခုနှစ်တွင် ၂၀၂၀ ပြည့်နှစ်ကထက် (၃.၆) ရာခိုင်နှုန်း တိုးလာခဲ့ကြောင်း၊ အဆောက်အဦးဆိုင်ရာ ရင်းနှီးမြှုပ်နှံမှု(Facility Investment) သည် (၈.၃) ရာခိုင်နှုန်းတိုးတက်လာသဖြင့် ၂၀၂၀ ပြည့်နှစ်၏ (၇.၁) ရာခိုင်နှုန်းနှင့်နှိုင်းယှဉ်ပါက အနည်းငယ်တိုးတက်လာခဲ့ကြောင်း၊ သို့ရာတွင် ဆောက်လုပ်ရေးပိုင်းတွင် ရင်းနှီးမြှုပ်နှံမှု (Construction Investment)သည် အနုတ် (-)(၁.၅) ရာခိုင်နှုန်းဖြင့် လျော့ကျခဲ့သည့်အတွက် ၂၀၂၀ ပြည့်နှစ်၏နှုန်း (၀.၄) ထက် ပိုမို လျော့ကျခဲ့သည်ကို သိရှိရပါသည်။

တောင်ကိုရီးယားနိုင်ငံ၏ ၂၀၂၁ ခုနှစ်၊ စီးပွားရေးတိုးတက်မှုနှုန်းသည် ၂၀၁၀ ပြည့်နှစ်က တိုးတက်မှုနှုန်း (၆.၈)ရာခိုင်နှုန်း နောက်ပိုင်းတွင် ကိုဗစ်ကာလ စိန်ခေါ်မှုများစွာရှိခဲ့သည့်တိုင် အမြင့်ဆုံးနှုန်းဖြစ်ပြီး၊ ၂၀၂၀ ပြည့်နှစ်၏ အဆိုးဆုံးအခြေအနေနှင့် နှိုင်းယှဉ်လျှင် များစွာနာလန်ထူတိုးတက်လာခဲ့ခြင်းဖြစ်ပါသည်။ ယခင် ကမ္ဘာ့ဘဏ္ဍာရေး အကျပ်အတည်းကာလများနောက်ပိုင်း ၂၀၀၉ ခုနှစ်တွင် (၀.၈) ရာခိုင်နှုန်းနှင့် ၂၀၁၀ ပြည့်နှစ်တွင် (၆.၈) ရာခိုင်နှုန်း အသီးသီးတိုးတက်ခဲ့ကြောင်း၊ အကျပ်အတည်းဖြစ်စေသော အကြောင်းရင်း

နှင့် စီးပွားရေးအရွယ်အစားများက ကွာခြားသဖြင့် လက်ရှိအခြေအနေနှင့် ယခင်အခြေအနေများကို တိုက်ရိုက်နှိုင်းယှဉ်ရန် ခက်ခဲသော်လည်း ယခုပြန်လည်နာလန်ထူလာမှုအခြေအနေသည် မှတ်သားဖွယ်ရာ စံချိန်တင်အနေအထားတစ်ခုပင်ဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

တောင်ကိုရီးယားအစိုးရအနေဖြင့် အသုံးစရိတ်ရန်ပုံငွေများကို ၂၀၂၀ ပြည့်နှစ်တွင် (၅.၅) ရာခိုင်နှုန်းတိုးမြှင့်ခဲ့ပြီး၊ ယခင် (၂၀၁၉) ခုနှစ်ကထက် (၅)ရာခိုင်နှုန်းခန့် တိုးမြှင့်အသုံးပြုခဲ့ကြောင်း၊ ကမ္ဘာလုံးဆိုင်ရာ ထောက်ပံ့ပို့ဆောင်ရေး ကွင်းဆက်အခက်အခဲများ ကြားမှပင် Semiconductor နှင့် ရေနံနှင့်ဆက်စပ်သောထုတ်ကုန်များကို ပြည်ပဝယ်လိုအားများသဖြင့် ရောင်းအားမြင့်ခဲ့မှုကြောင့် ၂၀၂၀ ပြည့်နှစ်တွင် (၁.၈) ရာခိုင်နှုန်းလျော့ကျတင်ပို့နိုင်ခဲ့ရာမှ ၂၀၂၁ ခုနှစ်တွင် တောင်ကိုရီးယားနိုင်ငံ၏ ပို့ကုန်တင်ပို့နိုင်မှုသည် (၉.၇) ရာခိုင်နှုန်းခန့် မြင့်တက်လာခဲ့ကြောင်း၊ ရေနံစိမ်းဝယ်ယူမှုတိုးလာသည်နှင့်အမျှ သွင်းကုန်ပိုင်းတွင်လည်း (၈.၄) ရာခိုင်နှုန်း တိုးတက်လာခဲ့ကြောင်း စာရင်းအင်းအချက်အလက်များအရ သိရှိရပါသည်။

ထို့ပြင် "နေရာထိုင်ခင်း၊ စားသောက်ဆိုင်နှင့်ယဉ်ကျေးမှုကဏ္ဍတို့ကဲ့သို့ မျက်နှာချင်းဆိုင် အပြန်အလှန်ထိတွေ့ဆက်သွယ်မှု (Face to Face interaction) များလိုအပ်သည့် ဝန်ဆောင်မှုကဏ္ဍများအနေဖြင့် ကိုဗစ်-၁၉ ဆိုင်ရာစည်းကမ်း၊ ကန့်သတ်ချက်များကို နှစ်ရှည်လများ ကာလကြာမြင့်စွာ လိုက်နာနေရမှုကြောင့် လုံလောက်သော ပြန်လည်ကောင်းမွန်လာမှုကို မတွေ့ရသေးကြောင်း၊ အမေရိကန်ပြည်ထောင်စုနှင့် တရုတ်နိုင်ငံတို့၏ စီးပွားရေးတိုးတက်မှုနှေးကွေးခြင်း၊ ကမ္ဘာ့ငွေကြေးဖောင်းပွမှုအနေအထား ကြာမြင့်နေခြင်းနှင့် ကမ္ဘာ့တဝှမ်းငွေကြေး မူဝါဒဆိုင်ရာပြောင်းလဲမှုများ အရှိန်အဟုန်မြင့်လာခြင်းအပေါ် စိုးရိမ်မှုများကြီးထွားလာခြင်းက ကျွန်ုပ်တို့၏ စီးပွားရေးပတ်ဝန်းကျင်တွင် မသေချာမရေရာမှုများ တိုးပွားလာစေသည်"ဟု တောင်ကိုရီးယားဝန်ကြီးချုပ်က ထုတ်ဖော်ပြောကြားခဲ့သည်ကို သတင်းများအရ သိရှိရပါသည်။

သို့ပါ၍ တောင်ကိုရီးယားနိုင်ငံ၏ ၂၀၂၁ ခုနှစ်၊ GDP သည် (၁၁)နှစ်တာအတွင်း အမြင့်ဆုံးနှုန်းဖြင့် စံချိန်တင်တိုးတက်၍ G-20 အဖွဲ့ဝင်နိုင်ငံများအကြား စီးပွားရေးတိုးတက်မှု အလျင်မြန်ဆုံး တိုးတက်လျက်ရှိသည့်အခြေအနေအားသိရှိနိုင်ပါရန် တင်ပြလိုက်ရပါသည်။

**Source: The Korea Herald (26-1-2022)**

**ဝင်းပပသူ (စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ ဆိုးလ်မြို့)**

## STOCK EXCHANGE (27.1.2022)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 27th Jan. 2022

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,100 | -100 | -1.22% | 8,100 | 8,200 | 8,100 | 471 | 3,815,600 | 33,109,694 | 268,189 |
| MTSH | 00002 | 3,100 | +0 | +0.00% | 3,100 | 3,100 | 3,050 | 1,171 | 3,581,300 | 38,929,150 | 120,680 |
| MCB | 00003 | 8,100 | +0 | +0.00% | 8,100 | 8,100 | 8,100 | 0 | 0 | 10,400,986 | 84,248 |
| FPB | 00004 | 20,000 | +0 | +0.00% | 20,000 | 20,000 | 20,000 | 0 | 0 | 2,472,053 | 49,441 |
| TMH | 00005 | 2,650 | +0 | +0.00% | 2,650 | 2,650 | 2,650 | 0 | 0 | 12,823,224 | 33,982 |
| EFR | 00006 | 2,950 | +0 | +0.00% | 2,950 | 2,950 | 2,950 | 0 | 0 | 19,977,223 | 58,933 |
| AMATA | 00007 | 5,100 | +0 | +0.00% | 5,100 | 5,100 | 5,100 | 0 | 0 | 10,497,598 | 53,538 |

## Market summary

As of 27th Jan. 2022

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 384.57 | -1.91 | -0.49% | 384.57 | 386.48 | 383.45 | 1,642 | 7,396,900 | 7 | 669,011 |

### Index chart




## Market summary

As of 27th Jan. 2022

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 384.57 | -1.91 | -0.49% | 384.57 | 386.48 | 383.45 | 1,642 | 7,396,900 | 7 | 669,011 |

### Index chart

